# နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ။

**[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]**

**(၁၉၅၄ ခု၊ အောက်တိုဘာလ ၉ ရက်။)**

**[ ပြင်ဆင် : 17.03.2015 ]**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

၁။ ။ ဤအက်ဥပဒေကို **၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက် ဥပဒေ**ဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်-

(က) "နိုင်ငံတော်အထိမ်းအမှတ်" ဆိုသည်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတခု၏၊ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတခု၏၊ သို့တည်းမဟုတ် ထိုနိုင်ငံတစိတ်တဒေသ၏အလံ၊ သို့တည်းမဟုတ် တံခွန်၊ သို့တည်းမဟုတ် အခြားအထိမ်းအမှတ်ကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အချုပ်အခြာအာဏာပိုင်နိုင် ငံတခု၏၊ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတခု၏၊ သို့တည်းမဟုတ် ထိုနိုင်ငံတစိတ်တဒေသ၏ အသက်ထင်ရှားရှိသော၊ သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသားခေါင်းဆောင်ဓါတ်ပုံသည်၎င်း၊ အမျိုးသားခေါင်းဆောင်နှင့် ဆင်တူရိုးမှားဖြစ်အောင်တနည်းနည်းဖြင့်ပြုလုပ်ထားသောပုံသည်၎င်း၊ နိုင်ငံ တော်အထိမ်းအမှတ်နှင့် ဆင်တူရိုးမှားဖြစ်သော အရာဝတ္ထုသည်၎င်း ပါဝင်သည်။

(ခ) "ဥပစာ" ဆိုသည်တွင်မြေ၊ အဆောက်အအုံ၊ ရေယာဉ်၊ ကုန်းယာဉ်၊ နေရာဌာနတခုခုသော်၎င်း၊ အဆိုပါမြေ၊ အဆောက်အအုံ၊ ရေယာဉ်၊ ကုန်းယာဉ်၊ နေရာဌာနတခုခု၏ တစိတ်တပိုင်းသော်၎င်း ပါဝင် သည်။

၃။ ။ (၁) နိုင်ငံတော်အထိမ်းအမှတ်ကို ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့်၎င်း၊ ပုဒ်မ ၅ အရ ပြုသည့်အမိန့် တရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်၎င်း မညီညွတ်ဘဲ ပြည်သူအများမြင်သာအောင် ဆင်ယင်ပြသခြင်းကို တား မြစ်သည်။

(၂) ဤပုဒ်မပါ ကိစ္စများအလို့ငှါ၊ ပြည်သူအများ၊ သို့တည်းမဟုတ် ပြည်သူအချို့သွားလာပိုင်ခွင့်ရှိသည့် လမ်းကြီး လမ်းငယ်၊ တံတား၊ လမ်းကြား၊ သို့တည်းမဟုတ် လူသွားလမ်းပေါ်တွင်သော်၎င်း၊ ပြည်သူ များက၊ သို့တည်းမဟုတ် ပြည်သူအချို့က အခကြေးငွေပေး၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဝင်ထွက်နိုင် သည့် ဥပစာတွင်သော်၎င်း၊ နိုင်ငံတော်အထိမ်းအမှတ်တခုခုကို ဆင်ယင်ပြသလျှင်၊ သို့တည်းမဟုတ် အဆို ပါလမ်းကြီး လမ်းငယ်၊ တံတား၊ လမ်းကြား၊ လူသွားလမ်း၊ သို့တည်းမဟုတ် ဥပစာတခုခုတွင် သွားလာ ဝင်ထွက်နေသော၊ သို့တည်းမဟုတ် ရှိနေသောပြည်သူများအနက် တဦးဦးမြင်သာအောင် ဆင်ယင်ပြသ လျှင်၊ ထိုနိုင်ငံတော်အထိမ်းအမှတ်ကို ပြည်သူအများမြင်သာအောင် ဆင်ယင်ပြသသည်ဟု မှတ်ယူရမည်။

၄။ ။ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များသည်၊ နိုင်ငံတော်အထိမ်းအမှတ်ကို အောက်တွင် ဖော်ပြထားသည့်အ တိုင်း ဆင်ယင်ပြသခြင်းနှင့် မသက်ဆိုင်စေရ၊

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသို့ သံတမန်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ကောင်စစ်ကိုယ်စားလှယ်အဖြစ် ဖြင့် နည်းလမ်းတကျစေလွှတ်ခြင်းခံရသူ နိုင်ငံခြားသားက မိမိနိုင်ငံ၏နိုင်ငံတော်အထိမ်းအမှတ်ကို ဆင် ယင်ပြသခြင်း။

(ဂ) သင်္ဘော၊ သို့တည်းမဟုတ် လေယာဉ်ပျံပေါ်တွင် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ဃ) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားကို၊ ပြသ နေစဉ် နိုင်ငံတော်အထိမ်းအမှတ်တခုခုကို ပြသခြင်း။

(င) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားတခုခု ကြော်ငြာရန်အရုပ်ကား၊ ဓါတ်ပုံ၊ ပိုစတာ၊ သို့တည်းမဟုတ် ရုပ်ပုံအားဖြင့် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

၅။ ။ နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်၍ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့် နိုင်ငံတော်အ ထိမ်းအမှတ် ဆင်ယင်ပြသခြင်းကို၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်ပြုနိုင်သည်။ ထို့ပြင် အဆို ပါအမိန့်တွင် ထိုသို့ဆင်ယင်ပြသရန် နည်းလမ်းကို စည်းမျဉ်းသတ်မှတ်နိုင်သည့်ပြင်၊ ထိုသို့ ဆင်ယင်ပြသ ခွင့်ပြုသည့် ကာလအပိုင်းအခြားကိုလည်း ကန့်သတ်နိုင်သည်။

၆။ ။ (၁) ခရိုင်ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ ပဌမတန်း၊ သို့ တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ အာ ဏာအပ်နှင်းထားသော အခြားအရာရှိတဦးဦး၌ဖြစ်စေ ယုံကြည်လောက်သောသတင်းပေးချက်အရ သော် ၎င်း၊ အခြားလုံလောက်သော အကြောင်းကြောင့်သော်၎င်း ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်၊ ထိုသတင်းပေးချက်ကို၊ သို့တည်းမဟုတ် ထိုအကြောင်းကို ရေးမှတ်ပြီး နောက် ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ထိုအရာရှိကိုယ်တိုင်သော်၎င်း၊ ၎င်းက ဝါရမ်းထုတ် ပေးထားသည့် ရဲအရာရှိကသော်၎င်း-

(က) ဤအက်ဥပဒေအရ ပြစ်မှုတခုခုကို ကျူးလွန်သည်ဟု မိမိယုံကြည်ဘွယ်ရာအကြောင်းရှိသူကို ဖမ်း ဆီးနိုင်သည်၊ ထို့ပြင်

(ခ) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေပါ ပြ ဋ္ဌာန်းချက်များအရ ပြုသည့်အမိန့်တရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသထားသည့်ဥပစာသို့ ဝင် ရောက်လျက် အဆိုပါ အထိမ်းအမှတ်ကို သိမ်းယူနိုင်သည်။ ထို့ပြင် ထိုသို့ဝင်ရောက်သည့် ဥပစာကို ရှာဖွေ ၍၊ ဥပစာတွင် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံဖြစ်သည်ဟု မိမိယုံကြည်လောက် သော အကြောင်းရှိသည့် ပစ္စည်းတခုခုကိုတွေ့ရှိလျှင်၊ ထိုပစ္စည်းကိုလည်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သတင်းပေးချက်အကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် လုံလောက်သောအကြောင်း အ ကျဉ်းချုပ်ကို ရေးမှတ်သည့် ရာဇဝတ်တရားသူကြီးမှာ၊ သို့တည်းမဟုတ် အရာရှိမှာ၊ ထိုမှတ်တမ်းတွင် သတင်းပေးသူ၏အမည်ကို ဖေါ်ပြရေးသားရန် တာဝန်မရှိစေရ။

(၃) ပုဒ်မခွဲ (၁) အရ၊ ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေ ရမည်။

Myanmar Law Information System (MLIS)

(၄) ပုဒ်မခွဲ (၁) အရ ဥပစာတွင်းသို့ ရဲအရာရှိတဦးဦးဝင်ရောက်သည့်အခါ၊ ထိုပုဒ်မခွဲအရ ဆောင်ရွက်ပြီးစီးသည်နှင့်တပြိုင်နက် ထိုရဲအရာရှိက မိမိမည်ကဲ့သို့ ဆောင်ရွက်ကြောင်းဖော်ပြသည့် အစီရင်ခံစာကို (ဝါရမ်းစာရှိလျှင်) ထိုဝါရမ်းစာနှင့်တကွ၊ ကျူးလွန်သည်ဟု ထင်ရသော ပြစ်မှုကို စီရင်ပိုင်ခွင့်ရှိသော ရာ ဇဝတ်တရားသူကြီးတဦးဦးထံ ချက်ခြင်းတင်သွင်းရမည့်ပြင် ဖမ်းဆီးခံရသူနှင့်တကွ သိမ်းယူသည့်ပစ္စည်း များကိုလည်း ထိုရာဇဝတ်တရားသူကြီးထံ ချက်ခြင်းပို့ရမည်။

သို့ရာတွင် ထိုရဲအရာရှိသည် ဖမ်းဆီးခံရသူကို ထိုရာဇဝတ်တရားသူကြီး ရှေ့လာရောက်ရမည်ဟု စည်း ကမ်းချက်ထား၍ ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ လွှတ်နိုင်သည်။ ထိုရဲအရာရှိသည်၊ ထို သူကို ဖမ်းဆီးပြီးနောက် သုံးနာရီအတွင်း ရာဇဝတ်တရားသူကြီးတဦးဦးထံမပို့လျှင်၊ သင့်လျော်လုံ လောက်သည့် ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ ထိုသူအားလွှတ်ရမည်။

ထို့ပြင် မည်သူ့ကိုမျှ ဖမ်းဆီးခြင်းမပြုလျှင်၊ ရဲအရာရှိသည် မိမိဆောင်ရွက်ချက်ကို ဝါရမ်းထုတ်ပေးသည့် ရာဇဝတ်တရားသူကြီးထံ၊ သို့တည်းမဟုတ် အရာရှိထံ အစီရင်ခံရမည်။

၇။ ။ မည်သူမဆို-

(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသလျှင်၊ သို့မဟုတ်

(ခ) ဥပစာတစ်ခုခု ပိုင်ဆိုင်သူ၊ အငှားနေထိုင်သူ၊ အငှားချထားခံရသူ၊ လက်ရှိနေထိုင်သူ သို့မဟုတ် ထိန်းသိမ်းရသူဖြစ်၍ အဆိုပါဥပစာပေါ်တွင်လည်းကောင်း၊ အဆိုပါဥပစာမှ သော်လည်းကောင်း နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေဆန့်ကျင်၍ ဆင်ယင်ပြသခြင်းကို သိလျက်နှင့်ခွင့်ပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 17.03.2015>

**----- Footnote -----**

[ပင်ရင်း- The Burma Code Volume (II) မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)